# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# [ ၁၅–၉–၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ စခန်းသစ်ကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား ပြုပြင်ပေးရန်နှင့် ဆရာဝန်တစ်ဦး အစားထိုးခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်၊ နောင်ဆန်းကျင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား စံကိုက်အဆောက်အအုံပုံစံအဖြစ် ၂၀၁၄–၂၀၁၅ နောက်ဆက်တွဲ ဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန်နှင့် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းခန့်အပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ် (ကိုယ်စား) ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်ရှိ အိတ်ကာတွတ်နှင့် ဒိုးဒန်းငူ ကျန်းမာရေးဌာနခွဲတို့အတွက် အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ ဖိုင်လင်းကျေးရွာ အ.လ.က ခွဲအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ မြို့လှမြို့နယ်ခွဲရှိ မူလတန်းလွန်ကျောင်း(၃) ကျောင်းအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်၏ **သဲကုန်းမြို့၊ ပုတီးကုန်း အ.ထ.က ကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင်ကို မည်သည့် ဘဏ္ဍာနှစ်တွင် ချထားပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဇင်းဝမ်၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့၊ အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမများနေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများ ခေတ္တတည်းခိုနိုင်ရန်အတွက် အဆောက်အအုံ တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးစိုးနိုင်၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့၊ အခြေခံပညာ အထက်တန်းကျောင်းအတွက် လိုအပ်သော ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ နတ်ရေကန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်း များတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"လျှပ်စစ် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။